## ပိုးသတ်ဆေး မှိုသတ်ဆေးအသုံးပြုခြင်း

ဖန်သိုအိတ် (၁၀)စီစီနှင့် မီသိုမိုင်း(၁၀)စီစီကို ရေ(၁)ဂါလန်တွင် ရောစပ်ပြီး ပိုးမွှားရောဂါကျရောက်မှု အပေါ်မူတည်ပြီး ကာကွယ်ပက်ဖျန်းပါသည်။

## အသီးယူခြင်း

ဝတ်မှုန်ကူးပြီး (၁၀-၁၄)ရက်အတွင်း တစ်ပင်လျှင် အသီးတစ်လုံးသာထားပြီး ကျန်အသီးအားလုံး ချွေပေးကာ အသီးယူခြင်း (အသီးဖမ်းခြင်း) ပြုလုပ်ပါသည်။



## ရေပေးသွင်းခြင်း

ရေပေးသွင်းခြင်းကို တစ်ပတ်ခြားလျှင် တစ်ကြိမ် မြေပေါ်မြောင်းအတိုင်း စိုက်ဘောင်နှစ်ဘောင် အတွင်းလုံလောက်သော အစိုဓါတ်ရသည် အထိ ပေးသွင်းပါသည်။

နည်းပညာအကူအညီရယူလိုပါက
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်ရယူပါ။



## အဓိကကျရောက်သောပိုးမွှားရောဂါများ

### ရောဂါများ

- ဒေါင်နီးမှိုရောဂါ
- ပင်ညှိုးပင်သေရောဂါ

### ပိုးမွှားများ

- လှေးပိုး
- ပျ
- ပုရစ်
- ဖိုးလမင်းကျိုင်း

## အသီးများ ခူးဆွတ်ခြင်း

အသီးခူးဆွတ်ခြင်းကို အပင်သက်တမ်း (၂လခွဲ) နှင့်(၃)လသားတွင် ဈေးကွက်ပေါ် မူတည် ခူးဆွတ်ပါသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း

# ဖရဲ
# စိုက်ပျိုးနည်း




၂၀၁၁ - ခုနှစ်

# ဖရဲ
# စိုက်ပျိုးနည်း

| | |
|---|---|
| မြန်မာအမည် | - ဖရဲ |
| အင်္ဂလိပ်အမည် | - Water melon |
| ရုက္ခဗေဒအမည် | - *Citrullus vulgaris* |
| မျိုးရင်းအမည် | - **Cucurbitaceae** |

## ပျိုးထောင်ခြင်း

ဇကာချပြီး သဲနှုန်းမြေဆွေး (၅)အိတ်၊ နွားချေးဆွေး (၁)အိတ်၊ စက်ဖွဲပြာ(၃)အိတ်၊ တီစူပါ နို့ဆီဗူး(၁)ဗူးတို့ကို သမအောင် ရောစပ်ပြီး (၂၅)ပေါက်ပါ ပျိုးဗန်းတွင် ထည့်၍ ပျိုးထောင်ပါ။






ဖရဲမျိုးစေ့များကို (၄)နာရီကြာ ရေစိမ်ပြီးနောက် အညှောင့်ဖေါက်ပြီးလျှင် ပျိုးဗန်းတွင် ထည့်ကာ ပျိုးထောင်ပါသည်။

## မျိုးစေ့နှုန်း

တစ်ဧကအတွက် မျိုးစေ့(၂၀)ဂရမ် (၄)ထုပ် လိုအပ်ပြီး တစ်ထုပ်လျှင် မျိုးစေ့(၅၀၀)ပါဝင်ပါသည်။

## မြေယာပြုပြင်ခြင်း

ထယ်ရေးနက်နက်နှင့် ညက်ညက်ရစေရန် (၃)သွားထယ်တစ်စပ်၊ (၁၆)သွားထွန်နှစ်စပ်ဝင်၍ မြေပြင်ပါသည်။ ဖရဲတစ်ဧကစိုက်ပျိုးရန်အတွက် မြေပြုပြင်ရာတွင် ကြက်ချေးဆွေး(၅၀)အိတ်နှင့် ကွန်ပေါင်းမြေဩဇာ(၁၅ း ၁၅ း ၁၅) ပတ်လည်(၄)အိတ်ကို မြေခံအဖြစ်ထည့်သွင်းပြီး ဘောင်ဆွဲပါသည်။ စိုက်ဘောင်ကို နှစ်ဘောင်တွဲ ဘောင်များဆွဲရပါမည်။ နှစ်ဘောင်တွဲဘောင် တစ်ဘောင်နှင့် တစ်ဘောင် အကွာအဝေး (၂၀ပေ)ထားပါသည်။ ဘောင်အမြင့်ကို (၁ပေခွဲ)၊ ထားပြီး နှစ်ဘောင်တွဲဘောင်တွင် တစ်တန်းနှင့် တစ်တန်း အကွာအဝေးကို (၁ပေ)ထားပါသည်။

စိုက်ဘောင်များကို အစိုဓါတ်ထိန်းရန်၊ ပေါင်းမြက်ပေါက်ရောက်မှု ကာကွယ်ရန် ပလတ်စတစ် အမဲရောင် ဖုံးအုပ်ပေးပါသည်။ စိုက်ဘောင်များကို အပင်မစိုက်မီ (၁၀)ရက်ခန့် ကြိုတင်ပြုလုပ်ထား ရပါသည်။

## စိုက်ပျိုးခြင်း

ပျိုးသက်(၇)ရက်သားတွင် တစ်ပင်နှင့် တစ်ပင်နှစ်ပေခွဲခြား၍ စိုက်ပျိုးပါသည်။ တစ်ဧကလျှင် အပင်ဦးရေ (၁၆၀၀)ပင် ဝင်ဆန့်ပါသည်။



## စိုက်ခင်းပြုစုခြင်း

ပျိုးပင်များစိုက်ပျိုးပြီး တစ်ပတ်အတွင်း အညွန့်များရှည်ထွက်မလာမီ စိုက်ဘောင် (slope) ဆွဲပေးရပါသည်။ အညွန့်များ ပြေးအားနှင့် ကုတ်အားကောင်းစေရန် (slope) ပေါ်တွင် ကိုင်းမြက်ခြောက် ခပ်ပါးပါးခင်းပေးသင့်ပါသည်။



## မြေဩဇာကျွေးခြင်း

အပင်များစိုက်ပျိုးပြီး (၅)ရက်အကြာတွင် အစာဖျော်ရည်အား အပင်ခြေတွင် လောင်းပေးပါ။ အစာဖျော်ရည်လောင်းရာတွင် ပထမအကြိမ်အဖြစ် ရေဂါလန်(၅၀)တွင် ယူရီးယား (၅၀)ကျပ်သားနှင့် တီစူပါ(၁)ပိဿာနှုန်း ရောစပ်ပြီး တစ်ပင်လျှင် နို့ဆီဗူး(၁)ဗူးနှုန်း လောင်းပေးပါသည်။ ဒုတိယ အကြိမ်တွင် ရေဂါလန် (၅၀)၊ ယူရီးယား (၁)ပိဿာနှင့် တီစူပါ (၂)ပိဿာနှုန်း ရောစပ်ပြီး တစ်ပင်လျှင် နို့ဆီဗူး (၁) ဗူး နှုန်းဖြင့်(၅)ရက်စီခြား၍ လောင်းပေးပါသည်။ အစာဖျော်ရည်ကို ဒုတိယအကြိမ် ဖျော်သည့် နှုန်းထားအတိုင်း (၅)ရက်စီခြားကာ အပင်သက်တမ်း (၄၀-၄၅)ရက်သားအထိ လောင်းပေးပါသည်။

## ဝတ်မှုန်ကူးခြင်း

အပင်သက်တမ်း (၂၅-၃၀)ရက်သားတွင် အသီးပုံသဏ္ဍာန် မှန်၍ ကြီးထွားနှုန်း ကောင်းစေရန် ဝတ်မှုန်ကူးပေးရပါသည်။ ဝတ်မှုန်ကူးခြင်းကို နံနက်ပိုင်း (၇း၀၀) နာရီမှ (၁၀း၀၀)နာရီ အတွင်း ပြုလုပ်ပေးရပါသည်။



## ရွက်ဖျန်းမြေဩဇာကျွေးခြင်း

ဝတ်မှုန်မကူးခင် အချိန်အထိ နိုက်ထရိုဂျင် များသော ရွက်ဖျန်းအားဆေးကို ရေ(၁)ဂါလန်လျှင် (၁၀)စီစီနှုန်း ဖြင့် ပက်ဖျန်းပေးပါသည်။ ဝတ်မှုန်ကူးပြီး (၇)ရက် အကြာတွင် အသီးများ ကြီးထွားနှုန်းကောင်းစေရန် ဖော့စဖိတ်နှင့် ပိုတက်စီယမ်များသော ရွက်ဖျန်းအားဆေးကို ရေ(၁)ဂါလန်လျှင် (၁၀)စီစီနှုန်းဖြင့် ရောစပ် ပက်ဖျန်းပေးပါသည်။ ရွက်ဖျန်းအားဆေးများကို (၇)ရက်လျှင် တစ်ကြိမ် ပိုးသတ်ဆေး၊ မှိုသတ်ဆေးများနှင့် ရောစပ် ပက်ဖျန်းပေးပါသည်။

